

ထက်မြတ်နိုင်ရင်
နတ်နဲ့နဂါး
လုံးချင်းဝတ္ထုသစ်

# နတ်နဲ့ နဂါး
## ထက်မြတ်နိုင်ဇင်
### ( ၁ )

တောင်ပြုန်း ရွာလှေဆိပ်ဆီသို့ မြေအိုး၊ စဥ့်အိုးတွေ အပြည့်တင်ထားသော လှေကြီးများ ဆိုက်ကပ်လာလေပြီ။ နေရောင် တဖျပ်ဖျပ် လက်နေသော မြစ်ရေပြင်ပေါ်တွင် လှေများ တငြိမ့်ငြိမ့် ညင်ညင်သာသာ ရွေ့လျားနေပုံမှာ ရှုမျှော်ခင်း ပန်းချီကားတစ်ချပ်နှင့် တူလေ၏။

တောင်ပြုန်းပွဲတော်ကြီးကား စတော့မည်။

နွားလှည်းတွေက ဖုန်တထောင်းထောင်းနှင့် အစီအရီတန်းကာ တောင်ပြုန်းပွဲတော်ဆီသို့ တရွေ့ရွေ့လာနေကြသည်။ တောင်ပြုန်းရွာ ဘူတာသို့ ထိုးဆိုက်လာသည့် လော်ကယ်ရထား ပေါ်တွင်လည်း ပွဲတော်လာ ခရီးသည်များ အပြည့်အသိပ် ပါလာကြ၏။

သြဂုတ်လဖြစ်သော်လည်း လေပြည်ထဲတွင် မိုးရိပ်မိုးငွေ့က ပါးပါးလျားလျားသာ ရှိသေးသည်။ ကရေကရာမုန့်သည်တွေ၊ အိုးပုတ်သည်တွေ၊ သနပ်ခါးတုံး ရောင်းသူတွေ၊ ထန်းရွက်ပုတီး ရောင်းသူတွေက နေရာတိုင်းမှာ တိုးတိုးခွေ့၊ ပန်းရေစီးကြောင်းကြီး မျောပါ ရွေ့လျားနေသလိုမျိုး ပန်းသည်တွေက ပွင့်ချပ်အချင်းချင်း ထိစပ်ကျပ်ညပ်ကာ ကြည့်လေရာရာမှာ ပန်းပွင့်လှိုင်း ဘောင်ဘင်ခတ် နေလေတော့သည်။

ကန္နားတဲတွေက ဆောက်ထားလိုက်ကြ သည်မှာလည်း နတ်ကွန်းတွေ

တစ်ဝိုက်မှာ ခြေချစရာပင်မရှိ။ ပုပ္ပါးမယ်တော် နတ်ကွန်း၊ လေးကျွန်းမောင်နတ်ကွန်း၊ လက်ခြောက်ဖက် အဖေကြီး နတ်ကွန်းတွေပေါ်မှာလည်း နန်းထိန်းတွေက ပိုက်ဆံဆက်သူဆက်၊ ပန်းဆက်သူဆက်၊ ရွတ်ကြ၊ ဖတ်ကြ၊ ဆုတောင်းကြနှင့် အသီးသီး အလုပ်များနေကြ၏။

၂ဂ တန် ငွေစက္ကူတွေ၊ ၅ဂ တန် ပိုက်ဆံတွေကို အလိပ်အချွန်ကလေးများဖြစ်အောင် ခေါက်ကာ ရုပ်တုများ၏ လက်တွေကြား၊ ဝတ်လဲတော်တွေကြား ထိုးကပ်ကာ ဆက်သကြသည်။ တချို့ဆိုလျှင် ပုံတော်၏ ခေါင်းပေါင်းရွှေကျင်ခတ် ပဝါကြားသို့ ၇၅ ကျပ်တန် ငွေစက္ကူ အသစ် ကျပ်ချွတ် များကို ကြက်လျှာပုံ ထိုးစိုက်ပြီး ဆက်သကြသည်။

ထို ၇၅ ကျပ်တန်၊ ၃၅ ကျပ်တန်၊ ၂၅ ကျပ်တန် ငွေစက္ကူများသည် နောက်ထပ် သုံးလခန့်အကြာ ၁၉၈၇ ခုနှစ်၊ စက်တင်ဘာ ၅ ရက်နေ့တွင် တရားဝင်သုံးစွဲခြင်းမှ ရုပ်ဆိုင်းလိမ့်မည် ဖြစ်ကြောင်း ထိုစဉ်က မည်သူကမျှ စိုးစဉ်းမျှ မထင်မှတ်ခဲ့ ....။ အခုတော့။

တောင်ပြုန်း နန်းကြီးပေါ်တွင် ပုပ္ပါးမယ်တော် နတ်ကွန်းနှင့် အခြားသော နတ်ကွန်းတွေမှာ ငွေစက္ကူတွေ ဖွေးဖွေးလှုပ်နေသည်။ တောင်ပြုန်းပွဲတော်ကြီးကား ယုံကြည်သူတွေ၊ မျှော်လင့်သူတွေ၊ ဆုတောင်းဆုယူ ပြုသူတွေ၊ ချီးမြှောက်ခံရသူတွေ၊ အချီးအမြှောက် အမအစကို မခံရသူတွေ၊ ကတိသစ္စာပြုသူတွေ၏ နှလုံးခုန်သံ ဆိုင်းချက်များဖြင့် အသက်ဝင်လာခဲ့ချေပြီ။

စည်စည်တဲ့ ရီရီ

ရွှေပြုန်းဆို ပွဲတော်ကြီး

နီးခဲ့ပြန်ပြီ ....

ပျိုလေးတို့ နှင်းဆီ

မင်းညီနောင်လှေကလေးနှင့်

ဆီးကြိုလှည့်လေး ....။

နံ့နက်ခင်း၏ နေရောင်ခြည် မှုန်ပျပျအောက်တွင် တစ်ညလုံး ငြိမ်သက်တိတ်ဆိတ်နေသည့် သပြေကုန်းရွာလေးသည် လူသံများနှင့်အတူ လှုပ်ရှားသက်ဝင်လာသည်။ ရွာထိပ်ရေတွင်းတွင် ရေသွားခပ်ကြမည့် ရွာသူတစ်သိုက်၏ အသံစာစာလေးများနှင့် နွားလှည်းယာဉ်များတွင် တပ်ဆင်ထားသည့် တချွင်ချွင် တချွမ်ချွမ် ချူသံလေးများသည် နံ့နက်ခင်း၏ တေးသံသာလို ကြည်နူးဆွတ်ပျံ့ဖွယ် ကောင်းလှ၏။

သပြေကုန်းရွာရှိ သက်ကယ်မိုး ဝါးထရံကာ အိမ်ဝိုင်းလေးတစ်ဝိုင်း၏ ကွပ်ပျစ်ပေါ်တွင်ကား မကံဆယ်က တောင်ပြုန်းပွဲတွင် ရောင်းချမည့် သနပ်ခါးတုံးများကို အကြီးအသေး ခွဲခြားကာ ထန်းခေါက်ဖာထဲသို့ စီစီရီရီ ထည့်နေ၏။

မကံဆယ်က ကလေးနှစ်ယောက်နှင့် ဘဝကို ရုန်းကန်နေရသူ မုဆိုးမမို့ သူမ၏ ရုပ်ရည်သည် အသက် ၃၀ အရွယ်နှင့် မလိုက်အောင်ပင် အိုစာလွန်းလှသည်။

သူမက နဖူးမှ စီးကျလာသည့် ချွေးစက်များကို လက်ခုံနှင့် ပွတ်သုတ်ရင်း ....

"အညာနေကလည်း မိုးမလင်းခင်ကတည်းက ပူလိုက်တာတော်"

ဟု ခပ်တိုးတိုး ညည်းတွားလိုက်၏။ တဲအတွင်း၌ကား လူမမည် သားနှစ်ယောက်ဖြစ်သည့် တပေါင်းနှင့် နတ်တော်တို့ကတော့ အပူအပင်ကင်းစွာ ကော်ဘောလုံး အဟောင်းလေးတစ်လုံး၊ ဝါးစိမ်းတုတ်တစ်ချောင်းနှင့် ဆော့ကစားနေ၏။ နတ်တော်က ၃ နှစ်အရွယ်သာ ရှိသေးတာကြောင့် တော့တီး

တော့တနင့် ချစ်စဖွယ်။ အစ်ကိုဖြစ်သူ တပေါင်းက ၆ နှစ်သား ဖြစ်သော်လည်း လူကောင် သိပ်မထွားလှ။ သူကိုင်ပြီး ဖော့ယမ်းနေသော ဝါးစိမ်းတုတ်နှင့် သူ့အရပ်က တစ်ရွယ်တည်းလောက် ရှိသည်။

ထိုသို့ မကံဆယ်တစ်ယောက် ချွေးတလုံးလုံးနှင့် အလုပ်ရှုပ်နေစဉ်မှာပင် ရွာထဲမှ ဆွေမျိုးနီးစပ် တော်သော မဘုတ်ဆုံရောက်လာပြီး ....

"ကံဆယ်ရေ .... တောင်ပြုန်းပွဲ စနေပြီ မဟုတ်လား။ ညည်းက မသွားသေးဘူးလားအေ့ ...."

"သွားမယ် ဘုတ်ဆုံရေ .... ဟောဒီမှာလေ .... ပွဲမှာ ရောင်းဖို့ သနပ်ခါးတုံးတွေ ခုတ်နေရလို့တော့။ ချိုးရေတော်သုံးတဲ့ နေ့ကိုတော့ အမီသွားရမယ်။ ကျုပ်မလည်း ကလေး နှစ်ယောက်နဲ့ဆိုတော့ လက်မလည်ပါဘူးအေ။ မုဆိုးမဘဝ ဆိုတော့လည်း ဒီလိုပဲပေါ့။ သွားမှာ .... သွားမှာ။ မနက်ဖြန် သန်ဘက်ဆို သွားတော့မှာပါ"

မကံဆယ်၏ ခင်ပွန်း ကိုဖိုးထွန်းက အငယ်ကောင် နတ်တော်အခါလည်သားကတည်းက ပိုးထိ၍ ကွယ်လွန်သွားခဲ့ခြင်း ဖြစ်သည်။ ဒီဒေသတစ်ဝိုက်တွင် မြွေဆိုးက အလွန်ပေါ၏။ ကိုဖိုးထွန်း ကွယ်လွန်သွားသော်လည်း သပြေကုန်းရွာတစ်ရွာလုံးက ကိုဖိုးထွန်း၏ ဆွေမျိုးရင်းချာတွေချည်း ဖြစ်လေရာ ကျန်ရစ်သူ မကံဆယ်ကို အားမငယ်ရလေအောင် ဝိုင်းဝန်း စောင့်ရှောက်ကြ၏။ ဒီလိုနှင့် မကံဆယ်လည်း ကလေးနှစ်ယောက်ကို ကြက်သားအုပ်မကြီး အတောင်ပံဖြင့် ဖုံးသလို ရင်ခွင်ထဲထည့်ကာ ခင်ပွန်းဖြစ်သူ ခေါင်းချသွားသော ရွာမှာပင် ဆက်လက်နေထိုင်ရင်း သနပ်ခါး ခုတ်ရောင်းပြီး အသက်မွေးခဲ့ခြင်း ဖြစ်သည်။

မဘုတ်ဆုံက ချွေးတလုံးလုံးဖြင့် သနပ်ခါးတုံးများ ရွေးစီနေသည့် မကံဆယ်ကို ကရုဏာသက်စွာ ကြည့်ရင်း ....

"ညည်းအေ .... အဲဒီလောက် ကသီနေမှဖြင့်လည်း တစ်နှစ်တလေ မသွားဘဲ နေလိုက်ပါတော့လား"

"မသွားလို့မဖြစ်ဘူး တော်ရေ ... မဖြစ်ဘူး။ ကျုပ်က ကျန်းမာရေးသာ ကောင်းနေလို့ကတော့ တောင်ပြုန်းကိုယ်တော် နှစ်ပါးဆီ ဘယ်လို အခက်အခဲရှိရှိ ရောက်အောင်သွားမှာ .... ဟင်း .... ဟင်း .... ဟင်း .... ဟင်း"

သူတို့နေထိုင်ရာ သပြေကုန်းရွာမှ တောင်ပြုန်းသို့ နွားလှည်းဖြင့်သွားလျှင် နေ့ဝက်နီးနီးမျှ ကြာအောင် မောင်းရသည်။ ထိုခရီးလောက်ကိုတော့ မကံဆယ်က အမှုမထား။ နှစ်စဉ်နှစ်တိုင်း တောင်ပြုန်းပွဲချိန် ရောက်လာလျှင် နွားလှည်းပေါ် သနပ်ခါးတုံးတွေ အပြည့်တင်ထားပြီး ကလေးနှစ်ယောက်ကို လှည်းနောက်မြီးတွင် သိပ်ကာ ပွဲတော်သို့ အရောက်သွားလေ့ရှိသည်။

မကံဆယ်၏ အကြောင်းကို နောကျေအောင် သိထားသော မဘုတ်ဆုံက ခေါင်းတညိတ်ညိတ်ဖြင့် ....

"ဖြစ်ရလေ ကံဆယ်ရယ်။ ကျုပ်တို့လည်း ကိုယ်တော်နှစ်ပါးကို ကိုးကွယ်တာပါပဲ။ ဒါပေမဲ့ အလုပ်တွေ မအားတော့လည်း နှစ်စဉ် နှစ်တိုင်းတော့ မသွားနိုင်ဘူးပေါ့။ မလာနိုင်လို့ ပျက်ကွက်တော့လည်း မင်းနှစ်ပါးက အပြစ်မယူပေါင်တော်"

"ဟုတ်ပါတယ် မဘုတ်ဆုံရဲ့။ ကိုယ်တော်နှစ်ပါးက ဘယ်သူ့ကိုမှ အပြစ်မယူပါဘူး။ ကျုပ်ကိုက ကိုယ်တော်နှစ်ပါးကို ကြည်ညိုလွန်းလို့ပါတော်"

ဟုတ်တော့လည်း ဟုတ်သည်။ မကံဆယ်၏ မင်းနှစ်ပါးအပေါ် ကြည်ညိုလွန်းပုံက အံ့ဩဖို့ အင်မတန်ကောင်း၏။ ဘယ်လောက်ထိ အစွဲအလမ်းကြီးသလဲ ဆိုလျှင် သားကြီးနာမည်ကိုတောင် ကိုယ်တော်နှစ်ပါး စစ်ပြန်ပွဲလုပ်သည့် တပေါင်းလတွင် မွေး၍ "တပေါင်း" ဟု မှည့်ခေါ်ထားပြီး စစ်ထွက်ပွဲလမှာ မွေးသည့် သားအငယ်ကိုမူ "နတ်တော်"ဟု ခေါ်တွင်စေခဲ့သည်။

"ညည်းနှယ့်အေ .... အစွဲကြီးပုံကတော့ လွန် .... လွန်လွန်းတယ်။ ကဲ ကျုပ်လည်း ရွာတောင်ပိုင်းကို ပဲကြွေးလေးတွေ သိမ်းဖို့ သွားလိုက်ဦးမယ်။ ဩော် .... ကြုံတုန်း သနပ်ခါးတုံးလေး တစ်တုံးလောက် ဝယ်သွားဦးမယ်"

မဘုတ်ဆုံက ပြောပြောဆိုဆို ထန်းခေါက်ဖာထဲမှ သနပ်ခါးတုံးများကို ရွေးနေ၏။ အတုံးအားလုံးက အပွေးထူထူ ရင့်မှည့်မွှေးကြိုင်နေသည်မို့ ဘာယူရမှန်းမသိဘဲ ရွေးမတတ် ဖြစ်နေတော့သည်။

တဲအတွင်း၌ကား တပေါင်းနှင့် နတ်တော်တို့က ကလေးသဘာဝအတိုင်း ဆော့ကစား နေသည်။ တပေါင်းက ဘောလုံးလေးကို တဲထောင့်နံရံဆီ ပစ်ပေါက်လိုက်တိုင်း ညီဖြစ်သူ နတ်တော်လေးက လမ်းမလျှောက်တတ် လျှောက်တတ်နှင့် သွားကောက်ယူသည်။

တစ်ချက်တစ်ချက် တပေါင်းက သူ့လက်ထဲတွင် ကိုင်ထားသည့် ဝါးစိမ်းတုတ်ရှည် တစ်ချောင်းကို သိုင်းသမားတစ်ယောက်ကဲ့သို့ ဝှေ့ယမ်း ကစားနေသေး၏။ တပေါင်းက အရုပ်ကျိုးပိုင်းလေး တစ်ခုကို နံရံဆီ ပစ်ပေါက်လိုက်ပြန်သည်။

"ရော့ ညီလေး"

နတ်တော်လေးက ခိုးခိုးခစ်ခစ်ရယ်ရင်း တော့တီးတော့တနှင့် သွားပြေးကောက်ပြန်သည်။ နံရံထောင့်သို့ ရောက်သောအခါ အရုပ်ကျိုးလေးကို ပြန်ယူလာရင်း လျှောက်လာစဉ် စောစောက ကစားထားသည့် ဘောလုံးကို တက်နင်းမိပြီး လဲကျသွား၏။

တိုက်တိုက်ဆိုင်ဆိုင်ပင် တပေါင်းက ကျောခိုင်းပြီး ကိုယ်ကိုလှည့်ကာ တုတ်ကို ဝှေ့ယမ်းလိုက်သည်။ အိမ်ထောင့် ဝါးကပ်စင်ပေါ်တွင် တင်ထားသည့် ရေနွေးအိုးကို တုတ်နှင့်အထိ ....

"ခလွမ်း ...."

"ဟာ ...."

"ဝါး .... အီး .... ဟီး .... ဟီး ...."

ရေနွေးပူများက လဲကျနေသော နတ်တော်၏ ကျောပေါ်သို့ ဖိတ်စဉ်ကျသွား၏။ နတ်တော်၏ စူးစူးဝါးဝါး အော်ဟစ်ငိုသံကြောင့် တဲရှေ့ ကွပ်ပျစ်ပေါ်တွင် သနပ်ခါးတုံး သွေးနေသော မကံဆယ်နှင့် မဘုတ်ဆုံတို့က အိမ်ထဲသို့ အလန့်တကြား ဆတ်ခနဲ လှမ်းကြည့်လိုက်ပြီး ....

"ဟဲ့ .... ဟဲ့ .... ကံဆယ် .... ညည်းကလေးတွေ ဘာဖြစ်ကုန်ပြီလဲ မသိဘူး"

စကားပင် ပြီးအောင်မစောင့်ဘဲ မကံဆယ်က အိမ်ထဲသို့ သုတ်ခနဲ ပြေးဝင်သွားတော့သည်။ မြင်ရသော မြင်ကွင်းက မလှပ။ အငွေ့တထောင်းထောင်းနှင့် ရေနွေးပူများက တပေါင်း၏ တုတ်ချက်ကြောင့် ကွဲအက်မှောက်ကျနေလေပြီ။ နတ်တော်ကား ဝမ်းလျားမှောက်ကာ ထွန့်ထွန့်လူး ငိုကြွေးနေ၏။ နတ်တော်၏ ကျောပြင်မှာတော့ ရေနွေးပူလောင်ထားသည့် နီနီရဲရဲ အကွက်ကြီးက ထိတ်လန့်စဖွယ်။

"အံမယ်လေး လုပ်ကြပါဦးတော် .... ကျုပ်သားလေး ရေနွေးပူတွေ လောင်ကုန်လို့။ လုပ်ကြပါဦး"

မကံဆယ်၏ အော်သံကြောင့် မဘုတ်ဆုံပါ တဲအတွင်းသို့ ပြေးဝင်လာသည်။ နတ်တော့်ကျောပေါ်က ရေနွေးပူလောင်ထားသည့် ဒဏ်ရာကိုမြင်တော့ မဘုတ်ဆုံပါ မျက်လုံးပြူးပြီး "အမယ်လေး" တရင်း၊ စုတ်သပ်ရင်း ကြိတ်မှန်ရွက်တွေ ပြေးခူးသည်။ မဘုတ်ဆုံက သူခူးလာသော ကြိတ်မှန်ရွက်တွေကို မကံဆယ်၏လက်ထဲ ထိုးထည့်ပေးရင်း ....

"ရော့ .... ရော့ ကံဆယ် .... ကြိတ်မှန်ရွက်လေးချေပြီး အရည်စွတ်အုံပေး

ထားလိုက်ဦး။ ငါ ဆေးဆရာ သွားပင့်ချေဦးမယ်။ အကြီးကောင်ကိုလည်း ဆူမနေပါနဲ့အေ။ ကလေးဆိုတော့ ဆော့ဖို့ကလွဲလို့ ဘာသိမှာတုန်း။ ကဲ .... ငါသွားမယ်"

"အင်းပါတော် .... အင်းပါတော်"

မကံဆယ်ကား သိစိတ်ကင်းလွတ်သူ တစ်ယောက်လို မပီမသပြန်ပြော ရင်း မျက်ရည်စတွေ တွဲခိုနေသည့် မျက်လုံးအစုံဖြင့် သားငယ်နတ်တော်၏ ကျောကုန်းမှ ဒဏ်ရာကို ကြည့်ကာ ကြိတ်မှန်ရွက် အရည်ကို ညှစ်ချပေးနေ တော့သည်။

တပေါင်းကို မဆူပါနဲ့ ဆိုသော်လည်း နတ်တော်၏ ဒဏ်ရာကို မြင်တော့ မ ဆူဘဲမနေနိုင်။

"တပေါင်း .... နင်ကတော့လေ .... ငါလုပ်လိုက်ရရင် နာတော့မယ်"

တပေါင်းက အမေဖြစ်သူ၏ ဆူပူမှုကို ဂရုမစိုက်အားဘဲ ညီဖြစ်သူကိုသာ မျက်ရည်ဝိုင်းသော မျက်လုံးအစုံဖြင့် စိုက်ကြည့်နေလေသည်။ တစ်ချက် တစ်ချက် မျက်ရည်ပေါက်များ ကျလာပြီး ညီဖြစ်သူ၏ ခြေထောက်လေး တစ်ဖက်အား ယုယုယယ ကိုင်တွယ်နေသေးသည်။ "သူ့ကြောင့် ဖြစ်ရတာ" ဟူသော အပြစ်မကင်းသည့် စိတ်က တပေါင်း တစ်ကိုယ်လုံး ဖိစီးတင်းကျပ် နေသည်။ ကလေးမို့ မပြောတတ်ပေမဲ့ သူ့ညီလေး၏ ဒဏ်ရာကို မြင်ရသ ဖြင့် မျက်ရည်များသာ တတွေတွေ စီးကျနေတော့သည်။

နတ်တော်လေးက တဝါးဝါး အော်ငိုနေပြန်သည်။

"အီး .... အီး .... ဟီး .... ဟီး ...."

တပေါင်းကတော့ နတ်တော်ငိုလေ မျက်နှာပျက်ပျက် သွားလေဖြစ်နေ၏။ ညီဖြစ်သူ၏ ပါးပြင်ပေါ်မှ မျက်ရည်များကိုသာ လက်လေးနှင့် အသာအယာ

တို့သုတ်ပေးနေရင်း ....

"ညီလေး ... ညီလေး မငိုနဲ့နော်။ အနာကြီးက ပျောက်သွားမှာပါ။ အစ်ကို နောက်ဆိုရင် တုတ်နဲ့ မဆော့တော့ဘူးနော်"

ဟု ပါးစပ်မှလည်း တတွတ်တွတ် ချော့မြူနေတော့သည်။

***